NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ် သဝဏ်လွှာ

နေ့စွဲ။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်

၁။ ဒီမိုကရေစီ၏ စံနှုန်းများကို မြှင့်တင်ဆွဲကိုင်နိုင်စေရန်ရည်ရွယ်ပြီး ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှ နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ်သတ်မှတ်ခဲ့ပါသည်။ ထိုနေ့တွင် နိုင်ငံတိုင်းမှ ၎င်းတို့၏ ပြည်သူများအနေဖြင့် ဒီမိုကရေစီစံနှုန်းများကိုပိုမိုသိရှိလာစေနိုင်ရန် လှုပ်ရှားမှုအမျိုးမျိုးလုပ်ဆောင်ကြပါရန်လည်း တိုက်တွန်းခဲ့ပါသည်။

၂။ ၂၀၀၈ ခုနှစ်ကတည်းက အပြည်အပြည်ဆိုင်ရာဒီမိုကရေစီနေ့ကို ကမ္ဘာတဝှမ်းလုံးတွင်း ကျင်းပခဲ့ကြသည်မှာ ယခုဆိုလျှင် ၁၄ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ထိုသို့ ဒီမိုကရေစီစံနှုန်းများအား မြှင့်တင်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သော်လည်း ယနေ့ကမ္ဘာကြီးတွင် ဒီမိုကရေစီစံနှုန်းများ ဆုတ်ယုတ်အားနည်းလာနေသည့် အရိပ်အယောင်များ ဖြစ်ပေါ်နေသည်ကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ကလည်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့သို့ ပေးပို့အပ်သော သတင်းစကားထဲတွင် ထည့်သွင်းဖော်ပြခဲ့သလို အမှန်တကယ်လည်း ထင်သာမြင်သာရှိနေသည့် အခြေအနေပင် ဖြစ်ပါသည်။

၃။ ဒီမိုကရေစီ၏ စံနှုန်းများဟုဆိုလျှင် လူသားတိုင်း၏မွေးရာပါခံစားခွင့်ဖြစ်သော လူ့အခွင့်အရေးများဖြစ်သည့် နိုင်ငံသားအခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေး၊ စီးပွားရေးအခွင့်အရေး၊ လူမှုရေးအခွင့်အရေး၊ ယဉ်ကျေးမှုအခွင့်အရေးများသည် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့်အရာများ ဖြစ်ပါသည်။ ဒီမိုကရေစီဆုတ်ယုတ်နေသည် ဆိုသည်မှာ အထက်ပါအခွင့်အရေးများ ကန့်သတ်ခံလာရခြင်းပင် ဖြစ်ပါသည်။ ကမ္ဘာကြီးတွင် ယနေ့ကာလဒီမိုကရေစီ ဆုတ်ယုတ်နေသည်ဆိုသည့်အချိန်တွင် ကျွန်ုပ်တို့နိုင်ငံတွင်မူ ဒီမိုကရေစီဆုတ်ယုတ်ခဲ့သည်မှာ ရာစုနှစ်ဝက်ပင်ကျော်ခဲ့ပြီဖြစ်ပါသည်။ ၎င်း၏ အကျိုးဆက်အနေဖြင့် ငြိမ်းချမ်းရေးလည်း ပျောက်ဆုံးခဲ့ရပါသည်။

၄။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အပါအဝင် မိမိတို့အင်အားစုများမှ ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အဓိကကျသော တန်းတူညီမျှခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့် စသည့် အခွင့်အရေးများအပါအဝင် ဒီမိုကရေစီစံနှုန်းများအား လေးစားလိုက်နာသည့် ဖက်ဒရယ်ပြည်ထောင်စုကြီးတစ်ရပ် ပေါ်ပေါက်လာစေရေးဦးတည်သည့် နွေဦးတော်လှန်ရေး အလျင်အမြန် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) မှ ဦးဆောင်ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ မိမိတို့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) မှ ဤသဝဏ်လွှာအား ဝမ်းမြောက်ဝမ်းသာစွာ ပေးပို့အပ်ပါသည်။

တော်လှန်ရေးသစ္စာဖြင့်
အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ - NUCC